မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ

နိဒါန်း

၁။ စီးပွားရေးစနစ်အတွင်း ထုတ်လုပ်ခြင်း၊ စားသုံးခြင်း၊ စုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း စသည့် စီးပွားရေးလုပ်ဆောင်ချက်များရှိရာ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပိုငွေလျှံ ရှိသူများနှင့် လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်သူများအကြား ပေါင်းစပ်ညှိနှိုင်းပေးသော ကြားခံအဖွဲ့အစည်းများဖြစ်ကြပါသည်။ စုဆောင်းမှုကဏ္ဍမှ ပိုလျှံငွေများကို ရယူစုစည်းပြီး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍသို့ ထိုငွေအရင်းအမြစ်များကို ခွဲဝေဖြန့်ဖြူးပေးခြင်းဖြင့် စုဆောင်းသူနှင့် ရင်းနှီးမြှုပ်နှံသူနှစ်ဦးစလုံးကို အကျိုးဖြစ်ထွန်းစေရုံသာမက အလုပ်အကိုင်အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနိုင်ခြင်း၊ လူသားအရင်းအမြစ်ကို ဖြစ်ထွန်းစေခြင်း၊ လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားစေခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေကာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိစေပါသည်။ လက်ရှိအခြေအနေတွင် လိုအပ်သောငွေကြေးအရင်းအနှီးများအနက် ကာလတိုငွေကြေးအရင်းအနှီးကို ငွေကြေးဈေးကွက်(အထူးသဖြင့် ဘဏ်ချေးငွေများ)မှရရှိနိုင်သော်လည်း၊ ကာလရှည်ငွေကြေးအရင်းအနှီးများကိုမူ အရင်းအနှီးဈေးကွက်မှရယူသုံးစွဲနိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရ ပါသည်။ သို့ပါ၍ အရင်းအနှီးများကို စုစည်းရန်နှင့် ခွဲဝေအသုံးချနိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီစနစ်တကျဖွဲ့စည်းတည်ထောင်ပြီးကောင်းစွာလည်ပတ်နိုင်သော အရင်းအနှီးဈေးကွက်ရှိရန် လိုအပ်လာပါသည်။

ရည်ရွယ်ချက်

၂။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအနှီးဈေးကွက်ဖြင့် အထောက်အကူပြုနိုင်ရန် ဖြစ်ပါသည်။

ငွေရေးကြေးရေးဈေးကွက် (Financial Market)

၃။ ငွေရေးကြေးရေးဈေးကွက်တွင် ငွေကြေးဈေးကွက် (Money Market) နှင့် အရင်းအနှီးဈေးကွက် (Capital Market) ဟူ၍ (၂)ပိုင်းပါဝင်ပါသည်။

၄။ ငွေကြေးဈေးကွက်ဆိုသည်မှာ တစ်နှစ်အောက် ကာလတိုချေးငွေများကို ဆောင်ရွက်သည့်ဈေးကွက်ဖြစ်ပါသည်။ ငွေကြေးဈေးကွက်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်သည့် ကာလတို ချေးငွေများကို ဆောင်ရွက်သည့်ဘဏ်များ၊ ငွေရေးကြေးရေးကုမ္ပဏီများ၊ ငွေစုငွေချေး လုပ်ငန်းများပါဝင်ကြပြီး၊ သက်တမ်းတစ်နှစ်အောက်ရှိသော ငွေတိုက်လက်မှတ်များ၊ အပ်ငွေ လက်မှတ်များ၊

ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် ကုမ္ပဏီကြီးများမှထုတ်ဝေသော ကာလတို ငွေချေးစာချုပ်စာတမ်းများကို အရောင်းအဝယ်ပြုလုပ်ကြပါသည်။

၅။ အရင်းအနှီးဈေးကွက်ဆိုသည်မှာ တစ်နှစ်အထက် ကာလရှည်ချေးငွေများ ဆောင်ရွက်သည့် ဈေးကွက်ဖြစ်ပါသည်။ အရင်းအနှီးဈေးကွက်တွင် အစိုးရနှင့်အစိုးရအဖွဲ့အစည်းများ၊ ကာလရှည်ချေးငွေများကိုဆောင်ရွက်ပေးသည့်ဘဏ်များ (အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်)၊ စည်ပင်သာယာရေးအဖွဲ့အစည်းများ၊ အများပိုင်ကုမ္ပဏီများ ပါဝင်ကြပြီး၊ ငွေချေးသက်သေခံလက်မှတ်များ၊ ငွေချေးစာချုပ်များ၊ စတော့ခ်ရှယ်ယာများ၊ နိုင်ငံခြားငွေများနှင့် ငွေရေးကြေးရေးရရန်ပိုင်ခွင့်များအပေါ် တာဝန်ခံမှုကတိစာချုပ်များအား အရောင်းအဝယ်ပြုလုပ်ကြပါသည်။

အရင်းအနှီးဈေးကွက်တွင်ပါဝင်လုပ်ကိုင်နိုင်သူများ

၆။ အရင်းအနှီးဈေးကွက်တွင် ပါဝင်လုပ်ကိုင်နိုင်သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **အစုရှယ်ယာနှင့်ငွေချေးစာချုပ်ထုတ်ဝေသူများ။** ၎င်းတွင် အစိုးရများနှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ ကော်ပိုရေးရှင်းကြီးများပါဝင်ပါသည်။

(ခ) **ရင်းနှီးမြှုပ်နှံသူများ။** ၎င်းတွင် တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများ၊ အဖွဲ့အစည်းလိုက်ရင်းနှီးမြှုပ်နှံသူများ (ဘဏ်၊ အာမခံ၊ ပင်စင်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ)၊ ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံသူများ၊စီးပွားရေးလုပ်ငန်းများနှင့်ကုမ္ပဏီများပါဝင်ပါသည်။

(ဂ) **ဈေးကွက်အထောက်အကူပြုအဖွဲ့အစည်းများ။** ၎င်းတွင် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ၊ အကျိုးဆောင်များ၊ ကိုယ်စားလှယ်များ၊ တာဝန်ခံတစ်ဆင့် ဖြန့်ချီရောင်းချသူများ၊ ဘဏ်များ၊ ရင်းနှီးမြှုပ်နှံမှုအကြံပေးများ၊ စာရင်းရှင်းလင်းသည့်အဖွဲ့အစည်းများ၊ စာရင်းကိုင်၊ စာရင်းစစ်များ၊ ကြွေးမြီအဆင့်အတန်းအကဲဖြတ်သည့် အဖွဲ့များ ပါဝင်ပါသည်။

(ဃ) **ဈေးကွက်ကြီးကြပ်သည့်အဖွဲ့အစည်းများ။** ၎င်းတွင် ငွေချေးသက်သေခံလက်မှတ်ဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (သို့မဟုတ်) ကော်မတီ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ရာတွင် ပါဝင်သူများအားစည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ ကွပ်ကဲထိန်းချုပ်သည့် အဖွဲ့အစည်းများပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ပေါ်ပေါက်ရန် လိုအပ်ရသည့်အကြောင်းရင်း

၇။ မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ဘဏ်များမှ ချေးယူ၍ အရင်းအနှီးရယူသောနည်းကို အများအားဖြင့် ကျင့်သုံးလျက်ရှိပါသည်။ ဘဏ်များသည် အပ်ငွေများကို ဘဏ်၏ ဖောက်သည်များ ထံမှ လက်ခံပြီး၊ ငွေချေးယူသူများထံသို့ ငွေထုတ်ချေးကာ အကျိုးအမြတ်ကိုရှာဖွေကြပါသည်။ လက်ရှိတွင် ကာလတိုအပ်ငွေများကိုသာ ဘဏ်များကလက်ခံရရှိနေကြသဖြင့် ကာလတိုချေးငွေ များကိုသာ ထုတ်ချေးနိုင်ကြပါသည်။ ၎င်းပြင် ငွေအပ်သူများက လာရောက်ထုတ်ယူသည့်အချိန်တွင် အချိန်မရွေးဘဏ်များက ငွေထုတ်ပေးနိုင်ရေးအတွက် ငွေဖြစ်လွယ်မှုရှိစေရန် စီစဉ်ဆောင်ရွက်ကြ ရန် စည်းကမ်းများသတ်မှတ်ထားသဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးရန်မှာ ကာလရှည်အပ်နှံ ငွေများရှိမှသာ ဘဏ်များအတွက် ငွေဖြစ်လွယ်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

၈။ ထို့ပြင် ဘဏ်ချေးငွေများအတွက် ဘဏ်က တောင်းခံသည့် အာမခံပစ္စည်းများတင်သွင်း ရသည့်အပြင် သတ်မှတ်သည့်ကာလအတွင်း ပြန်လည်ပေးဆပ်ကြရပါသည်။ ဘဏ်အများစုသည် ကူးသန်းရောင်းဝယ်ရေးဘဏ်များဖြစ်သောကြောင့် ဘဏ်၏ရပ်တည်မှုအတွက် တစ်နှစ်ချေးငွေ များသာ ထုတ်ချေးနိုင်ပါသည်။ ကာလရှည်အသုံးပြုရမည့် လုပ်ငန်းများအတွက် အများနှင့် သက်ဆိုင်သောကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများဖွဲ့စည်း၍ ရှယ်ယာများထုတ်ဝေရောင်းချခြင်း၊ ငွေချေးစာချုပ်များထုတ်ဝေရောင်းချခြင်းပြုလုပ်ပါက ဘဏ်မှ ငွေချေးယူရသကဲ့သို့ အာမခံပစ္စည်း တင်သွင်းရခြင်း၊ သတ်မှတ်သည့်ကာလအတွင်း ပြန်လည်ပေးဆပ်ရခြင်းစသော တာဝန်များမှ ကင်းလွတ်ပြီး၊ ကာလရှည်အရင်းအနှီးရရှိမှုပေါ်တည်မှီ၍ လုပ်ငန်းဖွံ့ဖြိုးရန် စီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။

၉။ ကမ္ဘာ့နိုင်ငံအချို့တွင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအနှီးဈေးကွက် စနစ်ကို ဖွဲ့စည်းတည်ထောင်ထားရှိကြပါသည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန် နိုင်ငံသည် ငွေကြေးအရင်းအနှီးများကို ၁၉၇၀ ခုနှစ်အထိ ဘဏ်ချေးငွေအပေါ်တွင် များစွာ မှီခိုအားထားခဲ့ပါသည်။ ၁၉၇၃ ခု၊ ပထမအကြိမ် ကမ္ဘာ့စွမ်းအင် အကျပ်အတည်းဖြစ်ပွားသောအခါ ကုမ္ပဏီကြီးများ၊ ကော်ပိုရေးရှင်းကြီးများအရှုံးပေါ်ပြီး စီးပွားရေးတစ်ဟုန်ထိုးကျဆင်းသွားချိန်၌ ပေးရသော ဘဏ်တိုးများသည် ဝန်ထုပ်ဝန်ပိုးတစ်ရပ်ဖြစ်လာခဲ့ပါသည်။ ထိုအချိန်မှစ၍ ကုမ္ပဏီကြီး များသည် အရင်းအနှီးဈေးကွက်မှတစ်ဆင့် အရင်းအနှီးများကို စုဆောင်းလာခဲ့ကြပါသည်။

၁၀။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် စုဆောင်းလိုသူများအနေဖြင့် ဘဏ်အပ်ငွေအတိုးကိုသာအားထားအပ်နှံနေရခြင်း၊ အခြားခိုင်မာမှန်ကန်မှုမရှိသော တရားမဝင် ငွေကြေးဈေးကွက်များတွင် မြှုပ်နှံမိသည့်အတွက် ဆုံးရှုံးကြရခြင်း၊ အရင်းအနှီးလိုအပ်သူများအနေဖြင့်လည်း ဘဏ်များမှ ကာလတိုချေးငွေများကိုသာ မှီခိုအားထားရခြင်းဖြစ်သည့် အခက်အခဲများမှ ကင်းဝေးစေနိုင်ပါသည်။

၁၁။ ၎င်းပြင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးနောက် အာဆီယံအရင်းအနှီးဈေးကွက်ဆိုင်ရာဖိုရမ် (ASEAN Capital Market Forum-ACMF)၏ သတ်မှတ်ထားသည့် Time Frame အတိုင်း တစ်ခုတည်းသောအာဆီယံအရင်းအနှီးဈေးကွက်တွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်လာပါသည်။

၁၂။ အာဆီယံနိုင်ငံများ၏ အရင်းအနှီးဈေးကွက်များ တည်ထောင်ပြီးစီးမှုအခြေအနေကို အောက်ပါ အတိုင်း တွေ့ရှိရပါသည် -

	စတော့ခ်အိပ်ချိန်း	တည်ထောင်သည့်ခုနှစ်
(က)	စင်္ကာပူစတော့ခ်အိပ်ချိန်း	၁၉၆၀
(ခ)	မလေးရှားစတော့ခ်အိပ်ချိန်း	၁၉၆၀
(ဂ)	ထိုင်းစတော့ခ်အိပ်ချိန်း	၁၉၇၄
(ဃ)	အင်ဒိုနီးရှား	
	(၁) ဂျကာတာစတော့ခ်အိပ်ချိန်း	၁၉၇၇
	(၂) ဆူရာဗာရာစတော့ခ်အိပ်ချိန်း	၁၉၈၉
(င)	ဖိလစ်ပိုင်စတော့ခ်အိပ်ချိန်း	၁၉၉၄
(စ)	ဗီယက်နမ်	
	(၁) ဟိုချီမင်းငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးစင်တာ	၂၀၀၀
	(၂) ဟန္တိုင်းငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးစင်တာ	၂၀၀၅
(ဆ)	လာအို	၂၀၁၁ (ဇန်နဝါရီလ)
(ဇ)	ကမ္ဘောဒီးယား	၂၀၁၁ (ဇူလိုင်လ)

၁၃။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံမှအပ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှာ စတော့ခ်အိပ်ချိန်းများတည်ထောင်ဖွင့်လှစ်ပြီးဖြစ်ပါသည်။ သို့ပါ၍မြန်မာနိုင်ငံအနေဖြင့် အရင်းအနှီး စျေးကွက်ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အရင်းအနှီးစျေးကွက်တည်ထောင်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ

၁၄။ **နိုင်ငံတော်** အနေဖြင့် အရင်းအနှီးစျေးကွက်တည်ထောင်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူး များ ရရှိနိုင်ပါသည် -

(က) နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုအပ်သောကာလရှည်အရင်း အနှီးများကို အရင်းအနှီးစျေးကွက်မှတစ်ဆင့် လွယ်ကူစွာ စုစည်းရယူနိုင်ခြင်း၊

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုအပ်သော အရင်းအနှီးများကို အရင်းအနှီးစျေးကွက်မှတစ်ဆင့် စုစည်းရရှိနိုင်ခြင်းကြောင့် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲရန် မလိုအပ်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်ဝန်ထုပ်ဝန်ပိုး လျော့ကျစေ နိုင်ခြင်း၊

(ဂ) အစုရှယ်ယာနှင့် ငွေချေးစာချုပ်များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရရှိလာ ခြင်းအားဖြင့် ပြည်သူလူထု၏ စုဆောင်းမှုနှုန်း မြင့်မားလာပြီး အရင်းအနှီးများကို ပိုမိုခွဲဝေရင်းနှီးလာစေနိုင်ခြင်း၊

(ဃ) ပြည်သူလူထုလက်ဝယ်ရှိ ငွေကြေးများကို စီးပွားရေးလုပ်ငန်းကြီးများတွင် ရင်းနှီး မြှုပ်နှံလာခြင်းဖြင့် ငွေဖောင်းပွမှုကို လျှော့ချနိုင်ခြင်း၊

(င) အရင်းအနှီးများကို လွယ်ကူစွာစုဆောင်းရရှိခြင်းကြောင့် လုပ်ငန်းများ တိုးချဲ့နိုင် သည့် အားလျော်စွာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေနိုင်ပြီး စားသုံးမှု၊ စုဆောင်းမှုများ တိုးတက်လာကာ လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်ခြင်း၊

(စ) တိုင်းပြည်၏ ဓနအင်အားကို ညွှန်းဆိုသည့် အရင်းအနှီးစျေးကွက်ထူထောင် လုပ်ကိုင် ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏အသိအမှတ်ပြုမှုတိုးပွားလာနိုင်ခြင်း၊

(ဆ) ခေတ်မီဘဏ္ဍာရေးစနစ်၏ နည်းပညာများဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်း။

၁၅။ **ရင်းနှီးမြှုပ်နှံသူများ** အနေဖြင့် အရင်းအနှီးစျေးကွက်တည်ထောင်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည် -

(က) အရင်းအနှီးဈေးကွက်မှတစ်ဆင့် မှန်ကန်တိကျသော သတင်းအချက်အလက်များကို ရရှိစေကာ ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းကြီးများတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများ ရရှိစေခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှု နည်းလမ်းသစ်များရရှိခြင်း၊

(ဃ) ဝင်ငွေနှင့်အကျိုးအမြတ်ရရှိနိုင်ခြင်း၊

(င) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေပြီး၊ စားသုံးမှုနှင့် စုဆောင်းမှုကို တိုးတက်စေနိုင်ခြင်း၊

(စ) စီးပွားရေးလုပ်ငန်းကြီးများတွင် ကိုယ်တိုင်ဝင်ရောက်စီမံခန့်ခွဲနိုင်ခွင့်ရရှိခြင်း။

၁၆။ **စီးပွားရေးလုပ်ငန်းများ** အနေဖြင့် အရင်းအနှီးဈေးကွက်တည်ထောင်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည် -

(က) လိုအပ်သော ငွေကြေးအရင်းအနှီးများကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် လွယ်ကူစွာ စုစည်းရယူနိုင်ခြင်း၊

(ခ) ပြည်သူလူထု၏ ယုံကြည်စိတ်ချမှု၊ အသိအမှတ်ပြုမှု ပိုမိုရရှိလာစေခြင်း၊

(ဂ) မှန်ကန်ပွင့်လင်းသောစနစ်ကြောင့် ထိရောက်သော စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေခြင်း၊

(ဃ) စတော့ခ်ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ပါဝင်လာနိုင်ခြင်း၊

(င) ကုမ္ပဏီ၏ အဆင့်အတန်း၊ ဂုဏ်သိက္ခာမြင့်မားလာခြင်း၊

(စ) မိမိဝန်ထမ်းများ၏ သစ္စာရှိမှုနှင့် ယုံကြည်အားကိုးမှုများကို ရရှိစေနိုင်ခြင်း။

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရန် လိုအပ်ချက်များ

၁၇။ အောက်ပါအကြောင်းများကြောင့် ဖြစ်ပါသည် -

(က) ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပြဋ္ဌာန်းထားရန် လိုအပ်ခြင်း၊

(ခ) အများနှင့်သက်ဆိုင်သောကုမ္ပဏီတည်ထောင်မှု အရေအတွက်နည်းပါးခြင်း၊

(ဂ) အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ထုတ်ဝေသည့် အစုရှယ်ယာများရောင်းဝယ်နိုင်ရန် ဈေးကွက်တွင် စာရင်းတင်ဆောင်ရွက်မှုနည်းပါးခြင်း၊

(ဃ) အများပြည်သူလူထုနှင့် စီးပွားရေးအဖွဲ့အစည်းများသို့ ကျယ်ကျယ်ပြန့်ပြန့် ပညာပေး စည်းရုံးမှု အားနည်းနေသေးခြင်း။

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ထူထောင်ရန်ဆောင်ရွက်မှုများ

၁၈။ ဈေးကွက်စီးပွားရေးစနစ်သို့ကူးပြောင်းခဲ့ပြီးနောက် ၁၉၉၀ခုနှစ်မှစ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေး လေ့လာမှုများပြုလုပ်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးအတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား တာဝန်ပေးအပ်ခဲ့ပါသည်။ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့ (Daiwa Institute of Research)၏ အကူအညီဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ၊ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်တို့သည် ၁၉၉၆ ခုနှစ်၊ ဇွန်လ(၇)ရက် နေ့တွင် မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက် (Myanmar Securities Exchange Centre Company Limited-MSEC) ကို ၅၀% စီပိုင်ဆိုင်သော ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၁၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒကိုအကောင်အထည်ဖော်ရာတွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ခြင်း (Open Market Operation) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီး၊ ပြည်သူများငွေကြေးစုဆောင်းမှုအခွင့်အလမ်းများ ရရှိစေရန်၊ ငွေကြေးပမာဏ (Money Supply) ကို ထိန်းချုပ်နိုင်ရန်နှင့် အရင်းအနှီးဈေးကွက်ပေါ်ထွန်းလာစေရေးအတွက် အစိုးရကိုယ်စား (၃)နှစ်နှင့်(၅)နှစ် သက်တမ်းရှိ ကျပ်တစ်သောင်းတန်၊ ကျပ်တစ်သိန်းတန် **အစိုးရငွေတိုက်စာချုပ်များ**ကို ရန်ကုန်မြို့တွင် (၁.၁၂.၁၉၉၃)ရက်နေ့မှစ၍လည်းကောင်း၊ မန္တလေးမြို့တွင် (၁.၁.၁၉၉၄)ရက်နေ့မှစ၍လည်းကောင်း ထုတ်ဝေရောင်းချခဲ့ပါသည်။ (၃)နှစ်သက်တမ်းရှိ ကျပ်တစ်သန်းတန်အစိုးရငွေတိုက်စာချုပ်များကို (၁.၄.၁၉၉၆) ရက်နေ့မှစ၍လည်းကောင်း၊ (၅)နှစ်သက်တမ်းရှိ ကျပ်တစ်သန်းတန်အစိုးရ ငွေတိုက်စာချုပ်များကို (၁.၁.၁၉၉၇) ရက်နေ့မှစ၍လည်းကောင်း ထုတ်ဝေရောင်းချခဲ့ပါသည်။

၂၀။ မြန်မာနိုင်ငံတွင်စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် ကာလရှည်အရင်းအနှီးများအလွယ်တကူရရှိစေရန်၊ ကာလရှည်ရင်းနှီးမြှုပ်နှံလိုသူများအား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ကျယ်ပြန့်စွာဖြစ်ထွန်းရရှိစေရန်၊ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ဘဏ္ဍာရေးအသုံးစရိတ်များ

ကို ပြည်သူလူထု၏ စုဆောင်းငွေဖြင့် အကောင်အထည်ဖော်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဉက္ကဋ္ဌ ဦးဆောင်သော **အရင်းအနှီးဈေးကွက် လေ့လာရေးကော်မတီ** ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းလေ့လာရေးကော်မတီသည် အရင်းအနှီးဈေးကွက်နှင့်ပတ်သက်၍ နိုင်ငံတကာအခြေအနေများ၊ အာဆီယံနိုင်ငံများ၏ အခြေအနေများနှင့် ဆက်စပ်သည့်ကဏ္ဍများအား မြန်မာနိုင်ငံအခြေအနေနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်၍ လစဉ်အစီရင်ခံစာများအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ တင်ပြ ခဲ့ပါသည်။

၂၁။ နိုင်ငံတော်၏စီးပွားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** ကို ဝန်ကြီးချုပ်ရုံး၏ (၂၃.၄.၂၀၀၈) ရက်စွဲပါစာအမှတ်၊ ၁၈၇/၂၂၈/အဖရ(၂၀၀၈) ဖြင့် ခွင့်ပြုချက်အရ (၁.၇.၂၀၀၈) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

၂၂။ ၎င်းနောက် အဆိုပါကော်မတီကို အထောက်အကူပြုရန်အတွက် (၁၇.၉.၂၀၀၈)ရက်နေ့ တွင် **ဆပ်ကော်မတီ(၆)ခု** ကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့ပါသည်-

(က) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊

(ခ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် ဦးဆောင်သည့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ စည်းမျဉ်းစည်းကမ်းများပြုစုရေးဆပ်ကော်မတီ၊

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းရေးဆပ်ကော်မတီ၊

(င) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဉက္ကဋ္ဌ ဦးဆောင်သည့် လေ့ကျင့်ပညာပေးရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊

(စ) စာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် စာရင်းကိုင်နှင့်စာရင်းစစ်စံများဆိုင်ရာဆပ်ကော်မတီ။

၂၃။ ၎င်းနောက် အဆင့်(၃)ဆင့်ပါသော **အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံ** ကို အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ Time Frame အတိုင်းဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း ရေးဆွဲချမှတ်ခဲ့ပါသည် -

(က) **ပထမအဆင့် (၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိကာလအတွင်း) ဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရငွေချေးစာချုပ်အမျိုးအစားများ တိုးချဲ့ထုတ်ဝေရောင်းချရန်၊

(၂) အများနှင့်သက်ဆိုင်သောကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းရေးနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချရန်၊

(၃) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရန်၊

(၄) ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ သတင်းမီဒီယာများမှတဆင့် ပညာပေးဆောင်းပါးများရေးသားရန်၊

(၅) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများပေါ်ထွန်းလာစေရေးအတွက် ပြည်တွင်း၊ ပြည်ပ လေ့ကျင့်သင်တန်းများပေးရန်၊

(၆) အာဆီယံဒေသအတွင်း အရင်းအနှီးဈေးကွက်နှင့် စပ်လျဉ်းသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ သင့်လျော်သူများအား ၏စေလွှတ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်။

(ခ) **ဒုတိယအဆင့် (၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိကာလအတွင်း) ဆောင်ရွက်ရမည့်လုပ်ငန်းများ**

(၁) ဈေးကွက်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပြဋ္ဌာန်းရန်၊

(၂) မြူနီစီပါယ်ငွေချေးစာချုပ်အမျိုးမျိုးထုတ်ဝေရောင်းချရန်၊

(၃) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ရှယ်ယာများထုတ်ဝေရောင်းချရန်၊

(၄) အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေး ဆောင်ရွက်ရန်၊

(၅) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းရန်။

(ဂ) **တတိယအဆင့် (၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိကာလအတွင်း) ဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၁) စတော့အိပ်ချိန်းများ ထူထောင်ရန်၊

(၂) ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်။

အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေ

၂၄။ **ပထမအဆင့်** ဆောင်ရွက်ရမည့်လုပ်ငန်းများအနေဖြင့် အစိုးရငွေတိုက်စာချုပ်များအား အမျိုးအစားနှင့်သက်တမ်းပါ တိုးချဲ့ထုတ်ဝေနိုင်ရေးဆောင်ရွက်ချက်အဖြစ် (၂၄.၉.၂၀၀၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးမှလည်း သဘောတူခွင့်ပြုချက်အရ (၁.၁.၂၀၁၀)ရက်နေ့မှစတင်၍လက်ရှိထုတ်ဝေလျှက်ရှိသည့် (၃)နှစ်နှင့် (၅)နှစ် အစိုးရငွေတိုက်စာချုပ်အမျိုးအစားများအပြင် (၂)နှစ်သက်တမ်းရှိသော အစိုးရငွေတိုက် စာချုပ်အမျိုးအစားကိုပါ တိုးချဲ့ထုတ်ဝေနိုင်ခဲ့ပါသည်။ အမျိုးအစားများကိုလည်း လက်ရှိထုတ်ဝေလျှက်ရှိသော ကျပ်(၁)သောင်း၊ ကျပ်(၁)သိန်း၊ ကျပ်(၁)သန်းတန်များအပြင် ကျပ်(၁၀)သန်းတန်အမျိုးအစားကိုပါ တိုးချဲ့ထုတ်ဝေခဲ့ပါသည်။ ၎င်းပြင် ငွေတိုက်စာချုပ်များကို ဗဟိုဘဏ်မှ ပြည်သူလူထုသို့ တိုက်ရိုက်မရောင်းချတော့ဘဲ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့အား ကိုယ်စားလှယ် (Underwriter) အဖြစ်ခန့်အပ်၍ ရောင်းချစေခဲ့ပါသည်။ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ သတင်း မီဒီယာများမှတဆင့် ပညာပေးဆောင်းပါးများ ရေးသားဖော်ပြခြင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများပေါ်ထွန်း လာစေရေးအတွက် ပြည်တွင်း၊ ပြည်ပလေ့ကျင့်သင်တန်းများစေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂၅။ **ဒုတိယအဆင့်** ဆောင်ရွက်ရမည့်လုပ်ငန်းအနေဖြင့် စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ကာလရှည်အရင်းအနှီးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရရှိစေရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာအကာအကွယ်ပေးရန်နှင့် နိုင်ငံတော်၏ စီးပွားရေးခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေမူကြမ်းပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပကျွမ်းကျင်သူများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိသူများ အကြိမ်ကြိမ်

ဆွေးနွေးခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေမူကြမ်းအား (၄.၇.၂၀၁၁)ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂၆။ အာရှငွေချေးစာချုပ်အစီအစဉ် (Asian Bond Market Initiative - ABMI) အရ မြန်မာနိုင်ငံအနေဖြင့် ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီ ပေးရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အကူအညီတောင်းခံခဲ့ရာ၊ အာဆီယံအတွင်းရေးမှူး ချုပ်ရုံးမှ Daiwa Institute of Research Ltd (DIR) သို့ တာဝန်ပေးအပ်ခဲ့ပါသည်။ မြန်မာ နိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် DIR အဖွဲ့တို့ ၂၀၁၁ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ

၂၇။ လမ်းပြမြေပုံအဆင့်(၂)အရ (၂၀၁၀-၂၀၁၂)အတွင်း အောက်ပါ လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) အရင်းအနှီးဈေးကွက်အကောင်အထည်ဖော်ရန် အဓိကဆောင်ရွက်ရန်ဖြစ်သည့် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပြဋ္ဌာန်းရန်နှင့် လိုအပ် သော အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(ခ) နိုင်ငံတော်အဆင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီ (Securities and Exchange Committee) ဖွဲ့စည်းရန်၊

(ဂ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ရွေးချယ်၍ ၎င်းတို့ ရင်းနှီးငွေအတွက် ငွေချေး စာချုပ်များထုတ်ဝေရောင်းချစေရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဃ) ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များတည်ထောင်ခွင့်ပြုရန်၊

(င) အာမခံ၊ ပင်စင်နှင့် အခြားအသင်းအဖွဲ့များမှ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူရင်းနှီးခွင့်ရရှိစေရန်၊

(စ) ပြန်လည်ဝယ်ယူရန် သဘောတူညီချက်ပါသော ငွေချေးစာချုပ်ဈေးကွက် (Repo Market) များ အစပျိုးတည်ထောင်ရန်၊

(ဆ) ကြားခံအကျိုးဆောင် (Broker/Dealer) အသင်းများတည်ထောင်ခွင့်ပြုရန်၊

(ဇ) အများနှင့်သက်ဆိုင်သောကုမ္ပဏီများတိုးတက်ဖွံ့စည်းရေးအတွက် အသိပညာပေး ရေးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) စတော့ခ်အိပ်ချိန်းတည်ထောင်ရန်အတွက် ဖွဲ့စည်းပုံနှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရန်၊

(ည) ပြည်တွင်းနှင့်နိုင်ငံခြား Fund Management ကုမ္ပဏီများဖွဲ့စည်းခွင့်ပြုရန်၊

(ဋ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများတွင် ပြည်ပမှလည်းရင်းနှီးမြှုပ်နှံခွင့်ပြုရန်။

၂၈။ လမ်းပြမြေပုံအဆင့်(၃)အရ (၂၀၁၃-၂၀၁၅)အတွင်း အောက်ပါ လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ အသင်းဖွဲ့စည်းရန်၊

(ခ) ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် Stock Exchange များထူထောင်ရန်၊

(ဂ) စာရင်းရှင်းလင်းရေးလုပ်ငန်းများကို ဘဏ်များအား ဆောင်ရွက်ခွင့်ပြုရန်၊

(ဃ) ရောင်းဝယ်ရေးတိုးတက်လာစေရန် နေ့စဉ်ဈေးနှုန်းများနှင့် ဈေးကွက်သတင်းများ ဖြန့်ဖြူးပေးရန်၊

(င) နိုင်ငံခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများ (သို့မဟုတ်) ရုံးခွဲများဖွဲ့စည်းခွင့်ပြုရန်၊

(စ) ကြွေးမြီအဆင့်သတ်မှတ်သည့်အဖွဲ့အစည်းများ (Credit Rating Agencies) ဖွဲ့စည်းခွင့်ပြုရန်၊

(ဆ) အာဆီယံဒေသအတွင်း Stock Exchange များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်တို့ကို ဆက်လက်ဆောင်ရွက်သွားရန်။

သုံးသပ်ချက်

၂၉။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအနှီးဈေးကွက်မှ တစ်ဆင့် အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်နိုင်ငံများ၏ ရည်မှန်းချက်များ၊ ဆုံးဖြတ်ချက်များ၊ အကောင်အထည် ဖော် ဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နောက်

တစ်ဆင့်တက်လှမ်း၍ အာဆီယံနိုင်ငံအချင်းချင်း အရင်းအနှီးဈေးကွက်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နိဂုံး

၃၀။ သို့ပါ၍ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် အရင်းအနှီးဈေးကွက်ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ အတူတကွပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။